ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

# ၂၀၂၀ ပြည့်နှစ် ဧပြီလအတွက်
# မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
# အခြေအနေ

Monthly

# INFLATION REPORT

May, 2020

အကြောင်းအရာ။ **၂၀၂၀ ပြည့်နှစ်၊ ဧပြီလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေကို အစီရင်ခံတင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေမှာ** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၂၀ ပြည့်နှစ်၊ ဧပြီလ** အတွက် တစ်နိုင်ငံလုံး၏ အစားအစာအုပ်စုအတွက် စားသုံးသူဈေးဆနှုန်းမှာ **၁၇၃.၅၉** ဖြစ်ပြီး အစားအစာမဟုတ်သောအုပ်စုအတွက် စားသုံးသူ ဈေးဆနှုန်းမှာ **၁၄၀.၈၈** ရှိပါသည်။ **၂၀၂၀ ပြည့်နှစ်၊ ဧပြီလ**၏ **အုပ်စုအားလုံးအတွက်** စားသုံးသူ ဈေးဆနှုန်းမှာ **၁၆၀.၀၀** ဖြစ်ပြီး **ယခင်လ၏** စားသုံးသူဈေးဆနှုန်း **၁၆၀.၀၆** နှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်း အနည်းငယ်သာ ကျဆင်းလာပါသည်။ **Core Inflation** တွက်ချက်ရန် ဈေးနှုန်းတည် ငြိမ်မှုမရှိသည့် အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၏ စားသုံးသူဈေးဆနှုန်း (Core CPI) မှာ ၁၄၂.၉၂** ဖြစ်ရာ **ယခင်လ၏ Core CPI** ဖြစ်သည့် **၁၄၂.၈၂** နှင့် နှိုင်းယှဉ်ပါက **၀.၀၇%** သာမြင့်တက်လာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေကို လေ့လာပါက ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ**၏ စားသုံးသူဈေးဆနှုန်းမှာ **၁၆၀.၀၀** ဖြစ်သဖြင့် **ယခင်နှစ် အလားတူလ၏** အခြေအနေ **၁၅၂.၀၃** နှင့်နှိုင်းယှဉ်ပါက **၅.၂၄%** မြင့်တက်လာပါသည်။ **၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၏ Core CPI မှာ ၁၄၂.၉၂ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ Core CPI** အခြေအနေ **၁၂၆.၅၈** နှင့် နှိုင်းယှဉ်ပါက **၁၂.၉၁%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် အစားအစာအုပ်စု (Food)** ၏ ဈေးဆနှုန်းမှာ **၁၇၃.၅၉** ဖြစ်သဖြင့် ယခင်လအခြေအနေ **၁၇၂.၄၀** နှင့်နှိုင်းယှဉ်ပါက **၀.၆၉% မြင့်တက်လာပါသည်။** ဆန်ဈေးနှုန်း၊ မြေပဲဆီ၊ နှမ်းဆီ၊ စားအုန်းဆီဈေးနှုန်းများ၊ ဘဲဥဈေးနှုန်း၊ ဟင်းသီးဟင်းရွက်နှင့် အချို့သီးနှံဈေးနှုန်းများ မြင့်တက်လာသော်လည်း ကြက်သား၊ ကြက်ဥဈေးနှုန်းများနှင့် ကြက်သွန်ဖြူဈေးနှုန်းတို့မှာ အနည်းငယ်ကျဆင်းလာပြီး ကြက်သွန်နီဈေးနှုန်းမှာ သိသိသာသာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

၄။ **၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် အစားအစာမဟုတ်သောအုပ်စု (Non Food)** ၏ ဈေးဆနှုန်းမှာ **၁၄၀.၈၈** ဖြစ်သဖြင့် ယခင်လအခြေအနေ **၁၄၂.၆၉** နှင့်နှိုင်းယှဉ်ပါက **၁.၂၇%** ကျဆင်းလာပါ သည်။ ယင်းအုပ်စုအတွင်းရှိ ရေသန့်နှင့် မီးချောင်းစသည့် အိမ်အသုံးအဆောင်ပစ္စည်းဈေးနှုန်း

များမှာ မြင့်တက်နေသော်လည်း ရွှေဈေးနှုန်းနှင့် စက်သုံးဆီဈေးနှုန်းများမှာ ယခင်လကထက် ကျဆင်းလာပါသည်။


၅။ **၂၀၂၀ ပြည့်နှစ်၊ ဧပြီလအတွင်း** မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းများမှာ ယခင်လကထက် ၁၉ ကျပ်ခန့် မြင့်တက်နေပါသည်။ သို့သော် ပြည်ပမှတင်သွင်းသည့် လောင်စာဆီဈေးနှုန်းများမှာ သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။


၆။ **၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင်** အခြေခံစားသောက်ကုန်များတွင် ဆန်ဈေးနှုန်းနှင့် စားသုံးဆီဈေးနှုန်းများ မြင့်တက်နေသော်လည်း စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်ဖြူနှင့် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းလာပါသည်။ အလားတူ ပြည်တွင်းလောင်စာဆီဈေးနှုန်းများနှင့် ရွှေဈေးနှုန်းများ သိသိသာသာကျဆင်းလာသောကြောင့် စားသုံးသူဈေးဆနှုန်းမှာ ယခင်လကထက် အနည်းငယ်ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။


၇။ **၂၀၂၀ ပြည့်နှစ်၊ ဧပြီလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation) မှာ ၈.၈၀%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation – Core Inflation) မှာ ၁၂.၂၉%** ရှိပါသည်။ **နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation)** မှာ **၅.၂၄%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation – Core Inflation)** မှာ **၁၂.၉၁%** ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။


(ဆန်းမြင့်)
ညွှန်ကြားရေးမှူးချုပ်

# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်



# တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

(၂၀၂၀ ပြည့်နှစ်၊ ဧပြီလ)


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အပိုင်း(က)** | |
| **၂၀၂၀ ပြည့်နှစ်၊ မတ်လ နှင့် ဧပြီလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| **အပိုင်း(ခ)** | |
| **၂၀၁၉ ခုနှစ်၊ ဧပြီလ နှင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၄ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၄ |
| **အပိုင်း(ဂ)** | |
| **စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း | ၈ |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၈ |
| သုံးသပ်တင်ပြချက် | ၁၀ |
| တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၁) | ၁၄ |
| တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၂) | ၁၅ |
| အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၃) | ၁၆ |
| တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၄) | ၁၇ |
| တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၅) | ၁၈ |

## တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

**၂၀၂၀ ပြည့်နှစ်၊ မတ်လနှင့် ဧပြီလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ အတွက် စားသုံးသူဈေးဆနှုန်းမှာ ၁၆၀.၀၀ ဖြစ်ရာ ယခင်လအခြေအနေ ၁၆၀.၀၆ နှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်း အနည်းငယ်သာ ကျဆင်းလာပါသည်။ ထိုအုပ်စုများအနက် အိမ်အသုံးအဆောင်ပစ္စည်းနှင့်ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စုနှင့် ကျန်းမာရေးအုပ်စုတို့မှာ သိသာစွာ ပြောင်းလဲမှုမရှိသော်လည်း အဝတ်အထည်အုပ်စု၊ ဆက်သွယ်ရေးအုပ်စု၊ အပန်းဖြေခြင်းနှင့် ယဉ်ကျေးမှုအုပ်စုနှင့် ပညာရေးအုပ်စုတို့မှာ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေပါသည်။ သို့သော် ကျန်အုပ်စု၏ဈေးနှုန်းများမှာမူ ယခင်လကထက် ကျဆင်းလာပါသည်။

**အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆနှုန်းများကို ဇယား (၁) ဖြင့် အုပ်စုအလိုက်ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) **အစားအစာအုပ်စု၏** ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၌ ၁၇၃.၅၉ ရှိ၍ ယခင်လအခြေအနေ ၁၇၂.၄၀ နှင့် နှိုင်းယှဉ်ပါက ၀.၆၉% မြင့်တက်နေပါသည်။ ယခုလတွင် ဆန်(ဧည့်မထ) ၀.၅၃% ၊ မြေပဲဆီ ၀.၅၇%၊ နှမ်းဆီ ၀.၂၀%၊ စားအုန်းဆီ ၂.၇၇%၊ ဝက်သား ၀.၉၀%၊ အမဲသား ၀.၄၆%၊ ဘဲဥ ၀.၁၃%၊ ငါးခူ ၁.၁၉%၊ ငါးရံ့ ၁.၉၄%၊ ငါးမြစ်ချင်း ၁.၄၉%၊ ပုစွန်ခြောက် ၀.၂၄%၊ ငါးရံ့ခြောက် ၀.၅၉% ဖြင့် အသီးသီး မြင့်တက်လာပါသည်။ သို့သော် ကြက်သား ၁.၁၀% နှင့် ကြက်ဥ ၀.၆၄% ကျဆင်းလာပြီး စားဖိုဆောင်သုံးပစ္စည်းများဖြစ်သော ကြက်သွန်နီဈေးနှုန်းမှာလည်း ၁၆.၃၁% ဖြင့် သိသိသာသာ ကျဆင်းလာပါသည်။ သို့သော် အာလူးနှင့် ခရမ်းချဉ်သီးဈေးနှုန်းများ မြင့်တက်လျက်ရှိပါသည်။ ထို့အပြင် ဟင်းခတ်အမွှေးအကြိုင်ဈေးနှုန်းများ၊ ပဲအများစု၏ဈေးနှုန်းများနှင့် အချို့ဟင်းသီးဟင်းရွက်ဈေးနှုန်းများ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၌ ၁၆၂.၆၃ ရှိ၍ ယခင်လအခြေအနေ ၁၆၅.၀၀ နှင့်နှိုင်းယှဉ်ပါက ၁.၄၄% ကျဆင်းလာပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော ကွမ်းရွက်ဈေးနှုန်းများ သိသာစွာ ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၌ ၁၂၉.၆၉ ရှိ၍ ယခင်လအခြေအနေနှင့်နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေသည်ကို တွေ့ရှိရပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၌ ၁၉၉.၅၉ ရှိ၍ ယခင်လအခြေအနေ ၁၉၉.၈၅ နှင့်နှိုင်းယှဉ်ပါက ၀.၁၃% ကျဆင်းလာပါသည်။ ဤအုပ်စုတွင်ပါဝင်သည့် ဒီဇယ်ဆီဈေးနှုန်း ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၌ ၁၃၃.၅၇ ရှိ၍ ယခင်လအခြေအနေ ၁၃၃.၅၄ နှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်း အနည်းငယ်သာ မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော အိမ်အသုံးအဆောင်ပစ္စည်းများ ဖြစ်ကြသည့် ရေသန့်ဗူးနှင့် မီးချောင်းဈေးနှုန်းများ အနည်းငယ်မြင့်တက်လာခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၌ ၁၆၁.၈၇ ရှိ၍ ယခင်လအခြေအနေ ၁၆၁.၈၃ နှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်း အနည်းငယ်သာ မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။ ဤအုပ်စုတွင်ပါဝင်သော ဆေးဈေးနှုန်းများ အနည်းငယ်သာ မြင့်တက်ခဲ့သောကြောင့် ဖြစ်ပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၌ ၉၉.၅၇ ရှိ၍ ယခင်လအခြေအနေ ၁၀၆.၄၇ နှင့် နှိုင်းယှဉ်ပါက ၆.၄၇% ကျဆင်းလျက်ရှိပါသည်။ ယင်းအုပ်စုတွင် ပါဝင်သော မော်တော်ကားဈေးနှုန်းမှာ အနည်းငယ် မြင့်တက်လျက်ရှိသော်လည်း ဒီဇယ်ဆီ တစ်ဂါလန်လျှင် ၃၁၄၀.၄၅ ကျပ် မှ ၂၄၈၄.၃၂ ကျပ်သို့လည်းကောင်း၊ ဓာတ်ဆီ တစ်ဂါလန်လျှင် ၂၉၂၉.၃၃ ကျပ် မှ ၂၀၈၆.၇၁ ကျပ်သို့လည်းကောင်း သိသိသာသာကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု၏ဈေးဆန္နန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၌ ၁၀၁.၃၃ ရှိ၍ ယခင်လအခြေအနေနှင့်နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေသည်ကို တွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့် ယဉ်ကျေးမှုအုပ်စု၏ဈေးဆန္နန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၌ ၁၂၃.၂၄ ရှိ၍ ယခင်လအခြေအနေ နှင့်နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိဘဲ တည်ငြိမ် နေပါသည်။

(ည) **ပညာရေးအုပ်စု၏ဈေးဆန္နန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၌ ၁၄၀.၀၄ ရှိ၍ ယခင်လ အခြေအနေနှင့်နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေသည်ကို တွေ့ရှိရ ပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု၏ ဈေးဆန္နန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၌ ၁၃၇.၈၅ ရှိ၍ ယခင်လအခြေအနေ ၁၃၇.၃၅ နှင့် နှိုင်းယှဉ်ပါက ၀.၃၇% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုအတွင်း ပါဝင်သော ပြင်ပအစားအသောက်များဖြစ်သည့် မုန့်ဟင်းခါးနှင့် အုန်းနို့ခေါက်ဆွဲဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု၏ ဈေးဆန္နန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၌ ၁၄၆.၇၉ ရှိ၍ ယခင်လအခြေအနေ ၁၄၇.၅၇ နှင့်နှိုင်းယှဉ်ပါက ၀.၅၃% ကျဆင်းခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ရွှေနှင့် လက်ဝတ်ရတနာများ သိသာစွာ ကျဆင်းလာ သောကြောင့် ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု၏ဈေးဆန္နန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၌ ၁၄၀.၈၈ ရှိ၍ ယခင်လအခြေအနေ ၁၄၂.၆၉ နှင့်နှိုင်းယှဉ်ပါက ၁.၂၇% ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

## အပိုင်း(ခ)

**၂၀၁၉ ခုနှစ်၊ ဧပြီလနှင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ စားသုံးသူစျေးဆနှုန်းနှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူစျေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအတွက် စားသုံးသူစျေးဆနှုန်းမှာ ၁၆၀.၀၀ ဖြစ်ရာ ယခင်နှစ် အလားတူလ၏ စားသုံးသူစျေးဆနှုန်း ၁၅၂.၀၃ နှင့် နှိုင်းယှဉ်ပါက ၅.၂၄% မြင့်တက်လာပါသည်။ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအုပ်စု၏စျေးနှုန်းမှာ ကျဆင်းလာသော်လည်း ကျန်အုပ်စု အားလုံးတွင် ပါဝင်သော ကုန်ပစ္စည်းစျေးနှုန်းများမှာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့ပါသည်။

**အုပ်စုအလိုက် အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူ စျေးဆနှုန်းများကိုအုပ်စုအလိုက် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည် –

(က) **အစားအစာအုပ်စု**၏ စျေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၌ ၁၇၃.၅၉ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဧပြီလအခြေအနေ ၁၆၆.၉၅ နှင့်နှိုင်းယှဉ်ပါက ၃.၉၇% မြင့်တက်လာ ပါသည်။ ဆန်(ဧည့်မထ) ၀.၂၂%၊ မြေပဲဆီ ၉.၂၅%၊ နှမ်းဆီ ၄.၂၈%၊ စားအုန်းဆီ ၈.၃၆%၊ ဝက်သား ၁၁.၅၆%၊ အမဲသား ၇.၆၂%၊ ငါးခူ ၇.၉၁%၊ ငါးရံ့ ၉.၅၀%၊ ငါးမြစ်ချင်း ၁၆.၆၇%၊ ပုစွန်ခြောက် ၅.၈၅%၊ ငါးရံ့ခြောက် ၉.၆၀%၊ ရေကျိုငါးပိ ၄.၉၂%၊ အာလူး ၅.၆၇%၊ ကြက်သွန်ဖြူ ၅၇.၂၅% နှင့် ကြက်သွန်နီ ၃၆.၂၉% အသီးသီးမြင့်တက်လာခဲ့ပါသည်။ သို့သော် ကြက်သား ၅.၂၄%၊ ဘဲဥ ၅.၉၄%၊ ကြက်ဥ ၁၀.၉၁% နှင့် ရာသီပေါ်သီးနှံဖြစ်သော ခရမ်းချဉ်သီးစျေးနှုန်းမှာ ၄၂.၀၉% တို့ဖြင့် သိသာထင်ရှားစွာ ကျဆင်းလာပါသည်။

(ခ) **ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု**၏ စျေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၌ ၁၆၂.၆၃ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဧပြီလ အခြေအနေ ၁၄၄.၆၁ နှင့် နှိုင်းယှဉ်ပါက ၁၂.၄၆% မြင့်တက်နေပါသည်။ ဤအုပ်စုတွင်ပါဝင်သော အရက်(ပြည်တွင်း/ပြည်ပ)၊ ဘီယာ (ပြည်တွင်း/ပြည်ပ)၊ ကွမ်းရွက်၊ ကွမ်းသီး(အခြမ်း/လုံး)၊ စီးကရက် (ပြည်တွင်း/ ပြည်ပ)နှင့် ဆေးပေါ့လိပ်စျေးနှုန်းများမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၌ ၁၂၉.၆၉ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဧပြီလအခြေအနေ ၁၂၅.၂၄ နှင့်နှိုင်းယှဉ်ပါက ၃.၅၆% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင်ပါဝင်သော လုံချည် (အမျိုးသမီး/အမျိုးသား)၊ ဂျာကင်၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ စွပ်ကျယ်၊ ဆွယ်တာ၊ ခြေအိတ် နှင့် စက်ချုပ်ခ (အမျိုးသမီး)နှင့် ဖိနပ် (သားရေ/ ရော်ဘာ) ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(ဃ) **အိမ်လခနှင့်အိမ်ပြင်ခအုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၌ ၁၉၉.၅၉ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဧပြီလ အခြေအနေ ၁၅၄.၄၃ နှင့်နှိုင်းယှဉ်ပါက ၂၉.၂၄% ဖြင့် သိသာစွာ မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သော အိမ်ငှားခ၊ အိမ်ဆောက်ပစ္စည်းများ၊ အိမ်ပြင်အလုပ်သမားခ၊ ရေဖိုး၊ ဂတ်စ်ဓာတ်ငွေ့၊ ထင်းနှင့် မီးသွေး ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသည့်အပြင် လျှပ်စစ်ဓာတ်အားခ နှုန်းထားများ တိုးမြှင့်ကောက်ခံခြင်းကြောင့် ယခင်နှစ်ကထက် သိသာစွာမြင့်တက်လာခြင်းကြောင့် ဖြစ်ပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၌ ၁၃၃.၅၇ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဧပြီလ အခြေအနေ ၁၂၇.၀၆ နှင့် နှိုင်းယှဉ်ပါက ၅.၁၂% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ပရိဘောဂ ပစ္စည်းဈေးနှုန်းများ၊ အိမ်အသုံးအဆောင်ပစ္စည်းများဖြစ်သည့် သင်ဖြူးဖျာ၊ မျက်နှာသုတ်ပုဝါ၊ ခြင်ထောင်၊ စောင်နှင့် လျှပ်စစ်ပစ္စည်းဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသာစွာမြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၌ ၁၆၁.၈၇ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဧပြီလအခြေအနေ ၁၅၀.၇၈ နှင့်နှိုင်းယှဉ်ပါက ၇.၃၅% မြင့်တက်လျက်ရှိပါသည်။ ဆေးကုသခဈေးနှုန်းများ၊ ဆေးဈေးနှုန်းများနှင့် တိုင်းရင်းဆေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၌ ၉၉.၅၇ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဧပြီလ အခြေအနေ ၁၁၄.၃၉ နှင့်နှိုင်းယှဉ်ပါက ၁၂.၉၅% ကျဆင်းလာပါသည်။ ယင်းအုပ်စုဈေးဆန္ဒန်းတွင်ပါဝင်သော ပြည်ပမှ တင်သွင်းသည့်

ဒီဇယ်ဆီဈေးနှုန်းများမှာ ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် ဒီဇယ်တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၂.၄၂ ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် အမေရိကန်ဒေါ်လာ ၂၈.၇၁ သို့ သိသိသာသာကျဆင်းလာပြီး ပြည်တွင်းဒီဇယ်ဆီဈေးနှုန်းမှာလည်း ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် တစ်ဂါလန်လျှင် ၄၆၅၁.၉၇ ကျပ်ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် ၂၄၈၄.၃၂ ကျပ်သို့ ကျဆင်းလာပါသည်။ အလားတူ ပြည်ပမှ တင်သွင်းသည့် ဓာတ်ဆီဈေးနှုန်းမှာ ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၇.၆၈ ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် အမေရိကန်ဒေါ်လာ ၁၉.၄၈ သို့ သိသိသာသာကျဆင်းလာပြီး ပြည်တွင်းဓာတ်ဆီဈေးနှုန်းမှာလည်း ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် တစ်ဂါလန်လျှင် ၄၂၃၄.၇၈ ကျပ် ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် ၂၀၈၆.၇၁ ကျပ်သို့ ကျဆင်းလာပါသည်။ သို့ရာတွင် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ ဘတ်စ်ကားခ၊ အငှားယာဉ်ခများနှင့် မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းစရိတ်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာခဲ့ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု**၏ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၌ ၁၀၁.၃၃ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဧပြီလ အခြေအနေ ၁၀၁.၆၆ နှင့် နှိုင်းယှဉ်ပါက ၀.၃၃% ကျဆင်းလာပါသည်။ ဤအုပ်စုတွင် ပါ၀င်သော မိုဘိုင်းလ်ဖုန်းဈေးနှုန်းများမှာ Model အသစ်များ ၀င်ရောက်မှုများပြီး Model အဟောင်းများ၏ ဈေးနှုန်းများမှာ ကျဆင်းလာသောကြောင့် ဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၌ ၁၂၃.၂၄ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဧပြီလအခြေအနေ ၁၁၉.၉၉ နှင့် နှိုင်းယှဉ်ပါက ၂.၇၁% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါ၀င်သော စီဒီတိပ်ခွေ၊ သတင်းစာ၊ ဂျာနယ်၊ ဗလာစာအုပ်နှင့် ကွန်ပါဘူးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့်ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၌ ၁၄၀.၀၄ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဧပြီလ အခြေအနေ ၁၃၄.၁၂ နှင့်နှိုင်းယှဉ်ပါက ၄.၄၁% မြင့်တက်နေသည်ကို

တွေ့ရှိရပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကျူရှင်လခနှင့် သင်တန်းကြေး ဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လျက်ရှိပါသည်။

(ဠ) **ပြင်ပအစားအသောက်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၌ ၁၃၇.၈၅ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဧပြီလ အခြေအနေ ၁၂၇.၀၅ နှင့်နှိုင်းယှဉ်ပါက ၈.၅၁% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုအတွင်းပါဝင်သော အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်စုံ၊ ခေါက်ဆွဲကြော်/ ကြာဇံကြော်၊ ကြေးအိုး၊ ထမင်းနှင့်ဟင်း၊ ဒံပေါက်၊ လက်ဖက်ရည်၊ ကော်ဖီ၊ ရေခဲမုန့်၊ ကွမ်းယာ၊ လက်ဖက်အစို၊ နှစ်ပြန်ကြော်နှင့် အဆောင်ငှားရမ်းခ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဃ) **အထွေထွေကုန်ပစ္စည်းအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၌ ၁၄၆.၇၉ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဧပြီလ အခြေအနေ ၁၃၇.၀၀ နှင့်နှိုင်းယှဉ်ပါက ၇.၁၅% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကုန်ပစ္စည်းအများစုကို ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းများ မြင့်တက်လာခဲ့ရာ၌ ရွှေထည်ပစ္စည်းဈေးနှုန်းမှာ ၁၀.၆၀%၊ လက်ဝတ်ရတနာ ၁၅.၉၀%၊ ဆံပင်ညှပ်ခ(ကျား) ၆.၃၄%၊ ဆံပင်ညှပ်ခ(မ) ၆.၃၉%၊ ကိုယ်တိုက်ဆပ်ပြာ ၃.၆၃%၊ သနပ်ခါး ၄.၅၁%၊ သွားတိုက်ဆေး ၉.၄၇% နှင့် မုတ်ဆိတ်ရိတ်ဓား ၁၀.၉၂% တို့ဖြင့် သိသာစွာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ၌ ၁၄၀.၈၈ ရှိ၍ ၂၀၁၉ ခုနှစ်၊ ဧပြီလ အခြေအနေ ၁၃၁.၀၃ နှင့်နှိုင်းယှဉ်ပါက ၇.၅၁% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အုပ်စုများအနက် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအုပ်စု ကျဆင်းလာသည်မှလွဲ၍ ကျန်အုပ်စုများ၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

## အပိုင်း(ဂ)

## စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း

၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၉ ခုနှစ်၊ ဧပြီလမှ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအထိ) တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် ၁၅၂.၀၃ ရှိခဲ့ရာမှ တဖြည်းဖြည်း ပြန်လည်မြင့်တက်လာခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ၁၆၁.၇၂ ဖြစ်ပေါ်ခဲ့ပါသည်။ သို့ရာတွင် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှစ၍ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ သိသိသာသာကျဆင်းလာပြီး ပြည်ပလောင်စာဆီဈေးနှုန်းများ ကျဆင်းလာသည့်အတွက် ပြည်တွင်းလောင်စာဆီဈေးနှုန်းများကျဆင်းလာခြင်းနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းများ ကျဆင်းလာခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်းမှာ တဖြည်းဖြည်း ကျဆင်းလာခဲ့ရာ ဧပြီလတွင် ၁၆၀.၀၀ သို့ရောက်ရှိခဲ့ပါသည်။


၂။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆနှုန်းများကိုကြည့်လျှင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး (၃) မြို့တို့တွင် ယခင်လနှင့် နှိုင်းယှဉ်ပါက ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်မြို့တို့တွင် ရာခိုင်နှုန်းအနည်းငယ် မြင့်တက်လျက်ရှိပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။ လအလိုက် ပြောင်းလဲမှုရာခိုင်နှုန်းအနေဖြင့် ကရင်ပြည်နယ်တွင် ၀.၆၁% ဖြင့် အများဆုံးပြောင်းလဲမှုဖြစ်ပေါ်နေပြီး တနင်္သာရီတိုင်းဒေသကြီးတွင် (-၀.၉၁) % ဖြင့် အနည်းဆုံးပြောင်းလဲမှု ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

၃။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၉ ခုနှစ်၊ မေလမှ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအထိ) တစ်နှစ်တာကာလအတွင်းဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ မေလတွင် ၉.၅၇% ရှိခဲ့ရာမှ ဇွန်လတွင် ၉.၅၁% သို့ အနည်းငယ် ပြန်လည်ကျဆင်းသွားပြီး ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် လျှပ်စစ်ဓာတ်အားခနှုန်းထားများ မြင့်တက်လာခြင်းကြောင့် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၁၀.၈၇% သို့ သိသိသာသာ ဆက်လက် မြင့်တက်လာခဲ့ပါသည်။ သို့ရာတွင် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လမှစ၍ ယခင်နှစ် အလားတူကာလကထက် ကုန်စည်

ဈေးနှုန်းတက်နှုန်းများ တဖြည်းဖြည်းပြန်လည် လျော့နည်းလာရာ နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ၈.၂၆% သို့ လျော့နည်းလာခဲ့ပါသည်။ သို့သော် ဒီဇင်ဘာလတွင် ၉.၄၅ % သို့ပြန်လည်မြင့်တက်ခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှစ၍ ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် တိုးနှုန်း ပြန်လည်ကျဆင်းလာခဲ့သောကြောင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် ၅.၂၄ % ဖြစ်ပေါ်ခဲ့ပါသည်။

၄။ တစ်နိုင်ငံလုံးအတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံတွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအထိ တစ်နှစ်ပျမ်းမျှ ၈.၈၀% ရှိ၍ ၂၀၂၀ ပြည့်နှစ်၊ မတ်လအထိ တစ်နှစ်ပျမ်းမျှ ၉.၁၀% နှင့် နှိုင်းယှဉ်ပါက ၀.၃၀% ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ ၂၀၁၉ ခုနှစ်၊ ဧပြီလမှ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းများကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် ၇.၅၁% ရှိခဲ့ရာမှ တဖြည်းဖြည်းမြင့်တက်လာခဲ့ရာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ၈.၆၁% ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်ခဲ့သော်လည်း ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအတွင်း ကုန်ပစ္စည်းဈေးနှုန်းများ တက်နှုန်းနည်းခဲ့၍ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း အနည်းငယ်လျော့နည်းခဲ့ပါသည်။ သို့ရာတွင် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ ခရီးသွားရာသီဖြစ်၍ ခရီးသွားလာသူများပြားပြီး လောင်စာဆီဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းနှင့် စားသုံးကုန်စည်ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းကြောင့် ဒီဇင်ဘာလတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း အနည်းငယ်ပြန်လည်မြင့်တက်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဇူလိုင်လမှစ၍ လျှပ်စစ်ဓာတ်အားခနှုန်းထားများ တိုးမြှင့်သတ်မှတ်လိုက်ခြင်းကြောင့် စားသုံးသူဈေးဆနှုန်း တိုးနှုန်းအရှိန်များ မြင့်တက်လာပြီး ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၉.၂၀% အထိ မြင့်တက်လာပါသည်။ သို့သော် ၂၀၂၀ ပြည့်နှစ်၊ မတ်လမှစ၍ ဈေးဆနှုန်းသည် တိုးနှုန်းအရှိန် ပြန်လည်လျော့ကျလာခဲ့သောကြောင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၈.၈၀% သို့ ရောက်ရှိလာခဲ့ပါသည်။




၅။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး (၃) မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ဇယား (၂) ဖြင့် တင်ပြထားပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၂.၉၄% ဖြင့် ပထမအမြင့်ဆုံး၊ မန္တလေးမြို့တွင် ၁၂.၆၅% ဖြင့် ဒုတိယအမြင့်ဆုံး၊ နေပြည်တော်တွင် ၁၀.၈၇% ဖြင့် တတိယအမြင့်ဆုံး အသီးသီးဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ မန္တလေးမြို့တွင် ၁၀.၀၅% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အများဆုံးဖြစ်ပေါ်ခဲ့ပြီး မွန်ပြည်နယ်တွင် ၁.၂၉% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အနည်းဆုံး ဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## သုံးသပ်တင်ပြချက်

၆။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်း ပြောင်းလဲမှု အခြေအနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) ယခုလအတွင်း ဖြစ်ပေါ်နေသော ဆန်ဈေးနှုန်းများကို ယခင်လနှင့် နှိုင်းယှဉ်ပါက အနည်းငယ် မြင့်တက်လျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ ဈေးကွက်အတွင်း ဆန်ဟောင်းများ ကုန်ဆုံးချိန်ဖြစ်ပြီး ဆန်သစ်များထွက်ရှိချိန်ဖြစ်၍ ပစ္စည်းမှာယူရသည့် ဈေးကွက်နှင့် ဈေးကွက်ဝယ်လိုအားအပေါ်မူတည်နေခြင်း၊ ပို့ဆောင်ဆက်သွယ်ရေးခက်ခဲနေသော နယ်မြေဒေသအခြေအနေအရ ဆန်ဝင်ရောက်မှုနှင့် တင်ပို့မှုများနည်းပါးခြင်းများကြောင့် ဈေးနှုန်းများ အနည်းငယ်မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

(ခ) စားသုံးဆီအုပ်စုတွင် ပါဝင်သော မြေပဲဆီ၊ နှမ်းဆီနှင့် စားအုန်းဆီဈေးနှုန်းများမှာ မြင့်တက်လာပါသည်။ ပြည်ပစားအုန်းဆီတင်သွင်းသည့် ဈေးနှုန်းများမှာ ယခင်လတွင် မက်ထရစ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၃.၁၅ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၅၀၀.၅၅ သို့ ကျဆင်းလာပါသည်။ သို့သော် ပြည်ပမှ စားအုန်းဆီ တင်သွင်းသည့် ပမာဏ တိုးမြင့်လာခဲ့သော်လည်း ကုန်စည်စီးဆင်းမှုလမ်းကြောင်းများ ယာယီရပ်တန့်နေသဖြင့် ဈေးကွက်အတွင်းသို့ ကုန်ပစ္စည်းဝင်ရောက်မှု နည်းပါးလာ၍ လက်ကျန် နည်းပါးခဲ့သောကြောင့် ပြည်တွင်းစားအုန်းဆီဈေးနှုန်းများ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ဂ) အသား၊ ငါး နှင့် ဥအုပ်စုတွင် ပါဝင်သော အသားဈေးနှုန်းများတွင် အသားတိုးကြက်မွေးမြူသူများပြားလာခြင်းကြောင့် ကြက်သားဈေးနှုန်းများ ကျဆင်းလာပါသည်။ ပြည်ပမှ ကျွဲ၊ နွား၊ ဆိတ် ဝယ်ယူမှုများရှိနေခြင်းနှင့် ဆိတ်ကောင်ရေမွေးမြူသူရှားပါးလာခြင်းတို့ကြောင့် အမဲသားနှင့် ဆိတ်သားဈေးနှုန်းများ ယခင်လကထက် မြင့်မားနေပါသည်။ အသားဈေးနှုန်းများ မြင့်မားနေသဖြင့် စားသုံးမှုလျော့နည်းလာပြီး ငါးစားသုံးမှု ပိုမိုများပြားလာပါသည်။ ရာသီဥတု ပူပြင်းသောကာလဖြစ်၍ ငါးဖမ်းဆီးရရှိမှုနည်းပါးလာခြင်းနှင့် ငါးမွေးမြူစရိတ် မြင့်မားလာခြင်းတို့ကြောင့် ငါးဈေးနှုန်းများ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။ ဥအထွက်နှုန်းများလာသောကြောင့် ကြက်ဥဈေးနှုန်းမှာလည်း ဆက်လက်ကျဆင်းလာသည်ကိုတွေ့ရှိရပါသည်။ သို့သော် ဘဲအတောင်ချချိန်ဖြစ်သဖြင့် ဥအထွက်နှုန်းလျော့ကျကာ ဘဲဥဈေးနှုန်းမှာမူ မြင့်တက်လာပါသည်။

(ဃ) ရာသီဥတုပူပြင်းလာသဖြင့် သီးနှံအထွက်နှုန်း လျော့ကျကာ သံပုရာသီး၊ ရောက်သီး၊ ကန်စွန်းရွက်၊ ပဲတောင့်ရှည်သီး၊ ခရမ်းသီးနှင့် ခရမ်းချဉ်သီး ဈေးနှုန်းများ သိသာစွာ မြင့်တက်နေပါသည်။ အလားတူ အချို့အသီးအနှံဈေးနှုန်းများလည်း မြင့်တက်နေပါသည်။

(င) စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်ဖြူဈေးနှုန်းမှာ ကြက်သွန်ဖြူအသစ်ပေါ်ချိန်ဖြစ်၍ ကုန်ပစ္စည်းအဝင်များလာခြင်းကြောင့် ဈေးနှုန်းများအနည်းငယ် ကျဆင်းလာပါသည်။ အလားတူ ကြက်သွန်နီဈေးနှုန်းများမှာလည်း ကြက်သွန်နီ အသစ်

ပေါ်ချိန်ဖြစ်ခြင်း၊ နယ်စပ်တင်ပို့မှုများလည်း လျော့နည်းနေခြင်းတို့ကြောင့် ကြက်သွန်နီဈေးနှုန်းများ သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ ကုလားပဲနှင့်ပဲနီလေးဈေးနှုန်းများ မြင့်တက်လာရခြင်းမှာ ပြည်ပပို့ကုန် ပဲမျိုးစုံများ သိသိသာသာ ဝယ်ယူမှုမရှိသော်လည်း ပြည်တွင်း၌ ဝယ်ယူသိုလှောင်မှုများ ရှိသောကြောင့် ဖြစ်ပါသည်။

(စ) ယခုလတွင် ဖြစ်ပေါ်ခဲ့သော ရွှေဈေးနှုန်းမှာ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၁၀၈၉၉၀၁.၇၇ ကျပ်ဖြစ်သဖြင့် လွန်ခဲ့သောနှစ်နှင့် နှိုင်းယှဉ်ပါက ၁၀.၆၀% မြင့်တက်လျက်ရှိသော်လည်း၊ လွန်ခဲ့သောလကထက် ၁.၅၉% ကျဆင်းလာပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ ယခင်လတွင် တစ်ထရိုင်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၈၆.၆၂ ရှိရာမှ ၁၆၆၉.၆၀ သို့ ၅.၂၃% မြင့်တက်ခဲ့ပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်း မြင့်တက်လာသော်လည်း မြန်မာ့ရွှေဈေးနှုန်းမှာ စုဆောင်းသည့် ဈေးကွက်နှင့် ဝယ်လိုအားနည်းပါးသည့်ကာလ ဖြစ်နေသည့်အတွက် ကျဆင်းလျက်ရှိပါသည်။

(ဆ) ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော လောင်စာဆီဈေးနှုန်းများမှာ ပြည်ပမှ တင်သွင်းရာ၌ ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၅.၅၂ မှ ၂၈.၇၁ သို့လည်းကောင်း၊ ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၃၇.၄၄ မှ ၁၉.၄၈ သို့လည်းကောင်း သိသာထင်ရှားစွာ ကျဆင်းလာပါသည်။ ပြည်ပမှ တင်သွင်းသည့် လောင်စာဆီဈေးနှုန်းများ ကျဆင်းလာသည့်အတွက် ပြည်တွင်းလောင်စာဆီဈေးနှုန်းများပါ သိသိသာသာ လိုက်ပါကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

၇။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာလည်း ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက တစ်ဒေါ်လာလျှင် ၉၁ ကျပ် ကျဆင်းလာပြီး ယခင်လနှင့်နှိုင်းယှဉ်လျှင် ၁၉ ကျပ်ခန့် မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

၈။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ သိသိသာသာ ကျဆင်းခြင်းကြောင့် ပြည်ပမှတင်သွင်းသော လောင်စာဆီဈေးနှုန်းများ သိသိသာသာ ကျဆင်းလာပါသည်။ ထို့အပြင် ကမ္ဘာတစ်ဝန်းတွင် COVID-19 ကပ်ရောဂါဖြစ်ပွားနေသဖြင့် ခရီးသွားလာမှု ကန့်သတ်ထားခြင်းကြောင့် လောင်စာဆီအသုံးပြုမှုလျော့နည်းလာ၍ ပြည်တွင်းလောင်စာဆီဈေးနှုန်းများလည်း သိသိသာသာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။ အလားတူ ပြည်တွင်းရွှေဈေးနှုန်းမှာလည်း

ကျဆင်းလာသည့်အပြင် စားဖိုဆောင်သီးနှံ ဖြစ်သော ကြက်သွန်နီနှင့် ကြက်သွန်ဖြူဈေးနှုန်းများ ကျဆင်းလာခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်းမှာ အနည်းငယ်သာ ပြောင်းလဲမှုဖြစ်ပေါ်ခဲ့ပါသည်။

၉။ ၂၀၂၀ ပြည့်နှစ် ဧပြီလအတွင်း မြန်မာနိုင်ငံတစ်ဝန်း COVID-19 ကူးစက်ရောဂါ ဖြစ်ပွားမှုကြောင့် ဈေးဆိုင်များပိတ်ထားခြင်း၊ တစ်နေရာမှတစ်နေရာသို့ သွားလာမှုပိတ်ပင်ထားခြင်း၊ ကုန်ပစ္စည်းပြတ်လပ်မှုရှိခြင်းများ ဖြစ်ပေါ်ခဲ့သော်လည်း COVID-19 ဖြစ်ပွားမှုကာလအတွင်း ကုန်သည်များ ဈေးကစားခြင်းမပြုလုပ်ရန် တားမြစ်ထားခြင်း၊ နိုင်ငံတော်အစိုးရနှင့် ပရဟိတအသင်းအဖွဲ့များမှ အခြေခံလူတန်းစားအိမ်ထောင်စုများသို့ အခြေခံစားသောက် ကုန်ပစ္စည်းများ လှူဒါန်းထောက်ပံ့ပေးခြင်းများ ရှိသည့်အတွက် အချို့ကုန်ပစ္စည်းများ၏ ဈေးနှုန်းများသာ အနည်းငယ် မြင့်တက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

### ဇယား (၁) တစ်နိုင်ငံလုံး၏ အုပ်စုအလိုက် စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ်၊ ဧပြီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၉ ခုနှစ် | ၂၀၂၀ ပြည့်နှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ်၊ ဧပြီလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဧပြီလ | မတ်လ | ဧပြီလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆနှုန်း** | ၁၀၀.၀၀ | ၁၅၂.၀၃ | ၁၆၀.၀၆ | ၁၆၀.၀၀ | -၀.၀၄ | ၅.၂၄ | ၈.၈၀ |
| ၀၁ | **အစားအစာအုပ်စု** | ၅၈.၄၆ | ၁၆၆.၉၅ | ၁၇၂.၄၀ | ၁၇၃.၅၉ | ၀.၆၉ | ၃.၉၇ | ၈.၀၁ |
| | **အစားအစာမဟုတ်သောအုပ်စု** | ၄၁.၅၄ | ၁၃၁.၀၃ | ၁၄၂.၆၉ | ၁၄၀.၈၈ | -၁.၂၇ | ၇.၅၁ | ၁၀.၂၁ |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၄၄.၆၁ | ၁၆၅.၀၀ | ၁၆၂.၆၃ | -၁.၄၄ | ၁၂.၄၆ | ၉.၇၉ |
| ၀၃ | အဝတ်အထည် | ၃.၂၄ | ၁၂၅.၂၄ | ၁၂၉.၆၉ | ၁၂၉.၆၉ | ၀.၀၀ | ၃.၅၆ | ၄.၆၀ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၈ | ၁၅၄.၄၃ | ၁၉၉.၈၅ | ၁၉၉.၅၉ | -၀.၁၃ | ၂၉.၂၄ | ၂၆.၇၈ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၂၇.၀၆ | ၁၃၃.၅၄ | ၁၃၃.၅၇ | ၀.၀၂ | ၅.၁၂ | ၆.၈၅ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၅၀.၇၈ | ၁၆၁.၈၃ | ၁၆၁.၈၇ | ၀.၀၂ | ၇.၃၅ | ၈.၇၃ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၄ | ၁၁၄.၃၉ | ၁၀၆.၄၇ | ၉၉.၅၇ | -၆.၄၇ | -၁၂.၉၅ | ၁.၅၇ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၁၀၁.၆၆ | ၁၀၁.၃၃ | ၁၀၁.၃၃ | ၀.၀၀ | -၀.၃၃ | -၀.၆၀ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၃ | ၁၁၉.၉၉ | ၁၂၃.၂၄ | ၁၂၃.၂၄ | ၀.၀၀ | ၂.၇၁ | ၁၁.၆၂ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၃၄.၁၂ | ၁၄၀.၀၄ | ၁၄၀.၀၄ | ၀.၀၀ | ၄.၄၁ | ၄.၅၃ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၆ | ၁၂၇.၀၅ | ၁၃၇.၃၅ | ၁၃၇.၈၅ | ၀.၃၇ | ၈.၅၁ | ၆.၀၉ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၁ | ၁၃၇.၀၀ | ၁၄၇.၅၇ | ၁၄၆.၇၉ | -၀.၅၃ | ၇.၁၅ | ၉.၇၄ |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆနှုန်း(Core CPI)** | ၃၂.၆၃ | ၁၂၆.၅၈ | ၁၄၂.၈၂ | ၁၄၂.၉၂ | ၀.၀၇ | *၁၂.၉၁ | *၁၂.၂၉ |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

## ဇယား(၂) တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း
## (၂၀၂၀ ပြည့်နှစ်၊ ဧပြီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေးရာခိုင်နှုန်း | ၂၀၁၉ ခုနှစ် | ၂၀၂၀ ပြည့်နှစ် | | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့်ရာခိုင်နှုန်း | နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ်၊ ဧပြီလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | ဧပြီလ | မတ်လ | ဧပြီလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၅၀.၅၂ | ၁၅၇.၄၅ | ၁၅၆.၉၂ | -၀.၃၄ | ၄.၂၆ | ၃.၇၁ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၅၄.၄၁ | ၁၅၉.၅၃ | ၁၅၈.၉၅ | -၀.၃၇ | ၂.၉၄ | ၇.၂၈ |
| ၃ | ကရင်ပြည်နယ် | ၃.၁၃ | ၁၃၈.၀၅ | ၁၄၅.၇၉ | ၁၄၆.၆၈ | ၀.၆၁ | ၆.၂၅ | ၇.၃၁ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၂၀၀.၅၆ | ၂၀၆.၂၇ | ၂၀၇.၄၃ | ၀.၅၆ | ၃.၄၃ | ၆.၈၅ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၂ | ၁၅၃.၀၃ | ၁၅၅.၈၁ | ၁၅၅.၇၂ | -၀.၀၆ | ၁.၇၆ | ၁၀.၁၂ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၅ | ၁၃၆.၃၀ | ၁၄၀.၉၀ | ၁၃၉.၆၂ | -၀.၉၁ | ၂.၄၄ | ၆.၆၃ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၄ | ၁၄၇.၅၄ | ၁၅၅.၅၉ | ၁၅၆.၄၄ | ၀.၅၅ | ၆.၀၃ | ၈.၉၂ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၄ | ၁၆၁.၁၈ | ၁၆၉.၃၇ | ၁၆၉.၈၂ | ၀.၂၆ | ၅.၃၆ | ၁၀.၈၆ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၉ | ၁၄၆.၇၄ | ၁၅၄.၀၇ | ၁၅၂.၉၉ | -၀.၇၀ | ၄.၂၆ | ၁၀.၀၉ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၄ | ၁၄၃.၇၉ | ၁၄၆.၇၄ | ၁၄၅.၆၄ | -၀.၇၅ | ၁.၂၉ | ၅.၇၅ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၄၃ | ၁၈၅.၉၂ | ၁၉၃.၂၇ | ၁၉၃.၆၇ | ၀.၂၁ | ၄.၁၇ | ၅.၀၅ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၈ | ၁၃၉.၄၆ | ၁၅၁.၇၃ | ၁၅၁.၅၀ | -၀.၁၅ | ၈.၆၃ | ၈.၇၂ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၂ | ၁၆၁.၂၃ | ၁၆၈.၃၀ | ၁၆၈.၀၀ | -၀.၁၈ | ၄.၂၀ | ၆.၃၈ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၁ | ၁၅၃.၉၄ | ၁၆၇.၈၁ | ၁၆၇.၇၆ | -၀.၀၃ | ၈.၉၈ | ၁၂.၉၄ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၃၆.၉၉ | ၁၄၅.၉၄ | ၁၄၅.၇၆ | -၀.၁၂ | ၆.၄၀ | ၉.၁၁ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၆၁ | ၁၅၂.၁၈ | ၁၆၁.၂၆ | ၁၆၂.၁၄ | ၀.၅၄ | ၆.၅၄ | ၈.၁၆ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၄၆.၄၁ | ၁၆၁.၆၆ | ၁၆၁.၁၃ | -၀.၃၃ | ၁၀.၀၅ | ၁၂.၆၅ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၄၂.၅၅ | ၁၄၉.၀၃ | ၁၄၇.၈၃ | -၀.၈၁ | ၃.၇၀ | ၁၀.၈၇ |
| | **တစ်နိုင်ငံလုံး** | **၁၀၀.၀၀** | **၁၅၂.၀၃** | **၁၆၀.၀၆** | **၁၆၀.၀၀** | **-၀.၀၄** | **၅.၂၄** | **၈.၈၀** |

## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၂၀ ပြည့်နှစ် ဧပြီလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၂၀ ပြည့်နှစ် | | ၂၀၁၉ ခုနှစ် ဧပြီလ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ်လျှင်ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| | | | | မတ်လ (ကျပ်) | ဧပြီလ (ကျပ်) | | | |
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၄၉၉.၆၃ | ၁၅၀၇.၅၉ | ၁၅၀၄.၂၃ | ၀.၅၃ | ၀.၂၂ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၆၈၉၀.၀၇ | ၆၉၂၉.၂၀ | ၆၃၄၂.၃၉ | ၀.၅၇ | ၉.၂၅ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၆၈၁၈.၄၄ | ၆၈၃၂.၁၉ | ၆၅၅၁.၈၈ | ၀.၂၀ | ၄.၂၈ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၁၈၄.၆၀ | ၂၂၄၅.၁၉ | ၂၀၇၁.၉၄ | ၂.၇၇ | ၈.၃၆ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၆၉၁၉.၃၉ | ၆၈၄၂.၉၇ | ၇၂၂၁.၂၉ | -၁.၁၀ | -၅.၂၄ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၁၀၃၄၀.၅၄ | ၁၀၄၃၃.၄၅ | ၉၃၅၂.၃၆ | ၀.၉၀ | ၁၁.၅၆ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၄၃၁၈.၆၉ | ၁၄၃၈၄.၁၁ | ၁၃၃၆၆.၀၅ | ၀.၄၆ | ၇.၆၂ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၇၅၈.၈၄ | ၁၇၆၁.၂၁ | ၁၈၇၂.၄၁ | ၀.၁၃ | -၅.၉၄ |
| ၉ | ကြက်ဥ | ။ | ။ | ၁၂၂၇.၂၀ | ၁၂၁၉.၄၀ | ၁၃၆၈.၆၈ | -၀.၆၄ | -၁၀.၉၁ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၉၂၀၇.၂၂ | ၉၃၁၆.၆၇ | ၈၆၃၃.၈၉ | ၁.၁၉ | ၇.၉၁ |
| ၁၁ | ငါးရံ့ | ။ | ။ | ၉၃၀၂.၀၇ | ၉၄၈၂.၉၀ | ၈၆၆၀.၁၀ | ၁.၉၄ | ၉.၅၀ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၅၅၂၅.၈၉ | ၅၆၀၈.၀၄ | ၄၈၀၆.၇၀ | ၁.၄၉ | ၁၆.၆၇ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၃၄၂၆၁.၇၀ | ၃၄၃၄၂.၅၅ | ၃၂၄၄၃.၄၀ | ၀.၂၄ | ၅.၈၅ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၃၃၁၁၆.၁၈ | ၃၃၃၁၂.၂၅ | ၃၀၃၉၃.၁၄ | ၀.၅၉ | ၉.၆၀ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၄၉၂.၉၂ | ၃၄၉၂.၉၂ | ၃၃၂၉.၂၀ | ၀.၀၀ | ၄.၉၂ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၆၆၅.၁၃ | ၈၆၇.၈၆ | ၁၄၉၈.၇၄ | ၃၀.၄၈ | -၄၂.၀၉ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၂၃၆၄.၈၇ | ၂၃၆၆.၉၇ | ၂၃၄၈.၉၅ | ၀.၀၉ | ၀.၇၇ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၁၄၈.၁၉ | ၁၁၈၉.၃၆ | ၁၁၂၅.၅၀ | ၃.၅၉ | ၅.၆၇ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၃၉၂၉.၃၂ | ၃၉၂၇.၀၇ | ၂၄၉၇.၃၇ | -၀.၀၆ | ၅၇.၂၅ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၁၅၂၀.၄၀ | ၁၂၇၂.၄၀ | ၉၃၃.၆၀ | -၁၆.၃၁ | ၃၆.၂၉ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၅၄၉၂.၅၃ | ၅၄၉၂.၅၃ | ၅၂၅၂.၈၄ | ၀.၀၀ | ၄.၅၆ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၅၇၉.၀၇ | ၅၅၇၉.၀၇ | ၅၃၁၁.၆၃ | ၀.၀၀ | ၅.၀၄ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၁၁၀၇၅၄၈.၂၃ | ၁၀၈၉၉၀၁.၇၇ | ၉၈၅၄၁၉.၉၁ | -၁.၅၉ | ၁၀.၆၀ |
| ၂၄ | ထင်း | | ပိဿာ | ၃၇၁.၆၆ | ၃၇၁.၆၆ | ၃၃၄.၉၂ | ၀.၀၀ | ၁၀.၉၇ |
| ၂၅ | မီးသွေး | | ။ | ၇၀၀.၂၂ | ၇၀၀.၂၂ | ၆၅၇.၂၁ | ၀.၀၀ | ၆.၅၄ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၅၂.၈၅ | ၄၅၂.၈၅ | ၄၃၈.၁၆ | ၀.၀၀ | ၃.၃၅ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၁၁၁၁.၁၁ | ၁၁၁၁.၁၁ | ၁၀၉၅.၉၁ | ၀.၀၀ | ၁.၃၉ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလန် | ၃၁၄၀.၄၅ | ၂၄၈၄.၃၂ | ၄၆၅၁.၉၇ | -၂၀.၈၉ | -၄၆.၆၀ |
| ၂၉ | ဓာတ်ဆီ | | ဂါလန် | ၂၉၂၉.၃၃ | ၂၀၈၆.၇၁ | ၄၂၃၄.၇၈ | -၂၈.၇၆ | -၅၀.၇၂ |

## ဇယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၉ ခုနှစ် | | | | | | | | | ၂၀၂၀ ပြည့်နှစ် | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ |
| စားသုံးသူဈေးဆနှုန်း (CPI) | ၁၅၂.၀၃ | ၁၅၃.၆၆ | ၁၅၄.၅၆ | ၁၅၈.၄၄ | ၁၅၉.၁၂ | ၁၅၉.၈၅ | ၁၆၀.၅၈ | ၁၆၁.၂၆ | ၁၆၁.၇၂ | ၁၆၁.၃၃ | ၁၆၁.၂၉ | ၁၆၀.၀၆ | ၁၆၀.၀၀ |
| စားသုံးသူဈေးဆနှုန်း (Core CPI) | ၁၂၆.၅၈ | ၁၂၇.၃၁ | ၁၂၇.၈၁ | ၁၃၇.၅၆ | ၁၃၈.၂၅ | ၁၃၉.၁၂ | ၁၃၉.၇၄ | ၁၄၀.၃၈ | ၁၄၁.၂၂ | ၁၄၂.၀၇ | ၁၄၂.၉၇ | ၁၄၂.၈၂ | ၁၄၂.၉၂ |

# ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၉ ခုနှစ် | | | | | | | | | ၂၀၂၀ ပြည့်နှစ် | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation) | ၈.၇၃ | ၉.၅၇ | ၉.၅၁ | ၁၀.၈၇ | ၁၀.၃၇ | ၉.၅၁ | ၈.၇၂ | ၈.၂၆ | ၉.၄၅ | ၉.၀၉ | ၈.၃၆ | ၆.၆၁ | ၅.၂၄ |
| နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Core Inflation) | ၆.၃၀ | ၆.၅၈ | ၆.၃၄ | ၁၄.၁၄ | ၁၃.၈၇ | ၁၃.၅၈ | ၁၃.၂၅ | ၁၃.၂၅ | ၁၃.၂၆ | ၁၃.၄၈ | ၁၃.၆၀ | ၁၃.၂၀ | ၁၂.၉၁ |